



# သံလွင်ရေကာတာအလိုမရှိ

လက်ရှိ ပြည်တွင်းပဋိပက္ခများကို မဖြေရှင်းနိုင်သည့် အချိန်၊ စစ်မှန်ပြီး ထာဝရတည်မြဲ သောငြိမ်းချမ်းရေးကို မရရှိသေးသည့်အချိန်တွင် မြန်မာနိုင်ငံအစိုးရမှ သံလွင်မြစ်ပေါ်တွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရန် ရေကာတာ (၆) လုံးကိုပွင့်လင်းမြင်သာ မှုလုံးဝမရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်သည်။

စစ်မှန်သောငြိမ်းချမ်းရေးကိုမရရှိခင် သဘာဝအရင်းအမြစ်မျှဝေသုံးစွဲခွင့်ဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းခြင်းမရှိဘဲ ပြည်သူများ၏အသက်သွေးကြောဖြစ်သော သဘာဝအရင်းအမြစ်ကို ထုတ်ယူ ရောင်းချခြင်းသည် ပြည်သူလိုလားတောင့်တသောထာဝရငြိမ်းချမ်းရေးကို အလှမ်းဝေးစေမည်ဖြစ်ကာပဋိပက္ခကိုသာ ပိုမိုရှည်လျားစေမည်ဖြစ်သည်။

## ကွမ်းလုံရေကာတာ

ရှမ်း ပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်၊ ဟိုလီကျေးရွာအ ထက်ဘက် ၄.၃ မိုင်အကွာတွင် တည်ရှိပြီး လျှပ်စစ်ဓါတ်အား ၁၄၀၀ မီဂါဝပ် ထုတ်လုပ်သွားမည်။

## နောင်ဖါရေကာတာ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အရှေ့ဘက် တန့်ယန်းမြို့နယ် တာဆန်းလျှံကျေးရွာအနီးတွင် တည်ရှိပြီး လျှပ်စစ်ဓါတ်အား ၁၀၀၀ မီဂါဝပ် ထုတ် လုပ်သွားမည်။

## မန်တောင်ရေကာတာ

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၏အရှေ့ဘက် မိုင်းမောမြို့နယ် မန်းတောင်ရွာအနီးတွင်တည်ရှိပြီး လျှပ်စစ်ဓါတ်အား ၂၀၀ မီကာ ဝပ်ထုတ်လုပ်သွား မည်။

## တာဆန်း (ဝါ) မိုင်းတုံ ရေကာတာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့အရှေ့ဘက် ၁၉၅ မိုင်ခန့်အကွာ မိုင်းပန်မြို့နယ်နှင့်မိုင်းတုံမြို့နယ်အကြားတွင် တည်ရှိပြီး လျှပ်စစ်ဓါတ်အား ၇၀၀၀ မီဂါဝပ်ထုတ်လုပ်သွား မည်။

## ရွာသစ်ရေကာတာ

ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၏အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ရွာသစ်ကျေးရွာအနီးတွင်တည်ရှိပြီး လျှပ်စစ်ဓါတ်အား ၄၅၀၀ မီဂါဝပ် ထုတ်လုပ်မည်။

## ဟတ်ကြီးရေကာတာ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်နှင့် သောင်းရင်းမြစ်ဆုံ၏ အောက်ဘက် ၂၉ မိုင်အကွာတွင်တည်ရှိပြီး လျှစ်စစ်ဓါတ်အား ၁၃၆၀ မီကာဝပ်ထုတ်လုပ်မည်။

## ကွမ်းလုံရေကာတာ

ကွမ်းလုံးရေကာတာသည် ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်၊ ဟိုလီကျေးရွာအထက်ဘက် ၄.၃ မိုင်ခန့်အကွာတွင် တည်ရှိသည်။ စီမံကိန်းကို တရုတ်ပြည်သူ့သမ္မ တနိုင်ငံ၊ ဟင်နရီဟိုး(လ်)ဒင်းကုမ္ပဏီ(Hanergy Holding Company) နှင့် အေးရှားဝါးကုမ္ပဏီ (Asia World Company) တို့မှ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ပြီး နားလည်မှု စာချုပ်ကို ၅-၄-၂၀၀၇ နေ့တွင်လည်းကောင်း၊ နားလည်မှုသဘောတူညီချက်ကို ၂၄-၂၀-၂၀၁၀ ရက်နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ကွမ်းလုံရေကာတာကို ၂၀၁၃ ခုနှစ်အတွင်းတည်ဆောက် သွားမည်ဖြစ်ပြီး Hanergy Holding Company မှ စီမံကိန်းအားစီမံကြီးကြပ်ကာ Asia World Company က ဆောက်လုပ်သွားမည်ဖြစ်သည်။

ယခင် Asia World Company မှဆောက်လုပ်ခဲ့သော လမ်းအချို့သည် တာရှည်မခံဘဲ နှစ်အနည်းငယ်အတွင်း ယိုယွင်းပျက်စီးလေ့ရှိသည်ဖြစ်ရာ ဤကုမ္ပဏီမှ ရေကာတာကြီးကို တည်ဆောက်မည်ဆိုသည်မှာ စိုးရိမ်ဖွယ်ရာ များစွာရှိသည်။

စီမံကိန်းမှ ၁၄၀၀ မီဂါဝပ်ကိုထုတ်လုပ် သွားမည်ဖြစ်ပြီး ၁၂၀၀ မီဂါဝပ်ကို တရုတ်နိုင်ငံသို့တင်ပို့ ရောင်းချသွား မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာသုတေသနကို ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း စစ်တမ်းရလဒ်ကို လူထုအား ထုသိရှင်ကြား ထုတ်ပြခြင်း မရှိပါ။

အကယ်၍ ဤစီမံကိန်းကြီးဖြစ်ခဲ့မည်ဆိုလျှင် စီမံကိန်းနေ ရာမှ တရုတ်နယ်စပ်အထိ ရေများလွှမ်းမိုးသွား မည်ဖြစ်ကာ ထိုနေရာဒေသအတွင်းနေထိုင်သော ဒေသခံပြည်သူ များအပေါ် ဆိုးကျိုးများစွာ သက်ရောက်မည်ဖြစ် သည်။

ဤရေကာတာသည် မြန်မာနိုင်ငံထဲရှိသံလွင်မြစ်ပေါ်တွင် ပထမဆုံးနေရာကိုယူထားသောကြောင့် ပြိုကျခဲ့မည်ဆို လျှင် အောက်ပိုင်းရှိရေကာတာအားလုံးလိုက်ပါ ပြိုကျနိုင်ကာ သံလွင်မြစ်တစ်လျောက်နေထိုင်သော လူထု၏အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံး သွားမည်ဖြစ် သည်။

## နောင်ဖါနှင့် မန်တောင် ရေကာတာ

နောင်ဖါရေကာတာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လား ရှိုးမြို့အရှေ့ဘက်တန့်ယန်းမြို့နယ် တာဆန်းလျှံကျေး ရွာအနီးတွင် တည်ရှိပြီး မန်တောင်ရေကာတာသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၏အရှေ့ဘက် မိုင်းမောမြို့နယ် မန်းတောင်ရွာအနီးတွင်တည်ရှိသည်။

၎င်းရေကာတာမှ လျှပ်စစ်ဓါတ်အား ၁၀၀၀ မီဂါဝပ်ထုတ်လုပ်သွားမည်ဖြစ်ပြီး မန်တောင်ရေကာတာမှ ၂၀၀ မီကာဝပ်ထုတ်လုပ်သွားမည်ဖြစ်သည်။ နောင်ဖါနှင့် မန်တောင် စီမံကိန်းနှစ်ခုလုံးအား တရုတ်ပြည်သူ့တမ္မတနိုင်ငံ မှ Hydrochina Corporation နှင့် ခရိုနီကုမ္ပဏီ (စစ်အရာရှိ ကြီး၊ စစ်တပ်နှင့်လက်တွဲစီးပွားရှာသောကုမ္ပဏီ) တစ်ခု ဖြစ်သော International Group of Entrepreneurs Co.,Ltd. တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ပြီး နားလည်မှုစာချွန်လွှာကို ၂၀-၁၂-၂၀၀၉ နေ့ တွင် တရုတ်နှင့်မြန်မာတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

လွန်ခဲ့သော မတ်လ ၂၀၁၃ တွင် မြန်မာစစ်တပ်မှ ရှမ်း ပြည်နယ်၊ တန့်ယန်း-မိုင်းကောင် ကားလမ်းအရှေ့ဘက်တွင် နေရာယူလှုပ်ရှားနေသော ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အား ထိုနေရာမှဖယ်ပေးရန်နှင့် မဖယ်ပေးပါက တိုက်ပွဲကိုရင်ရဆိုင်ရလိမ့်မည်ဟု ရာဇသံပေးခဲ့သည်။ ထိုနေရာသည် နောင်ဖရေကာတာစီမံကိန်းတည်ရှိရာနေရာ၏ အနောက်တောင်ဘက် ၂၀ ကီလိုမီတာသာ ကွာဝေးသည်။

ဧပြီလ ၂၀၁၃ တွင် တန်းယန်းမြို့နယ်တွင် ရေကာတာ စီမံကိန်းအတွက် နေရာရှင်းလင်းရန်အတွက် မြန်မာစစ်တပ်မှ ရှမ်းပြည်တပ်မတော်အား စစ်ဆင်ရေး လုပ်ခဲ့ခြင်း ကြောင့် ဒေသခံပြည်သူ ၂၀၀၀ ထက်မက ၎င်းတို့၏ နေရာဒေသမှ တန်းယန်းမြို့သို့ ထွက်ပြေးခဲ့ ရသည်။

ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နှင့် မြန်မာ အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများလုပ် နေသော်လည်း အပစ်ခတ်ရပ်စဲရေးစတင်သည့်အချိန်မှစ၍ မြန်မာစစ်တပ် နှင့် ရှမ်းပြည်တပ်မတော်တို့အကြား တိုက်ပွဲပေါင်း ၁၀၀ ထက် မနည်း ဖြစ်ခဲ့ပြီဖြစ်သည်။

## တာဆန်း (ဝါ) မိုင်းတုံ ရေကာတာ

တာဆန်းရေကာတာ စီမံကိန်း (အထက်သံလွင်၊ မိုင်းတုံ) သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အရှေ့ဘက် ၁၉၅ မိုင်ခန့်အကွာ မိုင်းပန်မြို့နယ်နှင့်မိုင်းတုံမြို့နယ်အကြားတွင် တည်ရှိသည်။ တာဆန်းရေကာ တာစီမံကိန်းအတွက် ထိုင်းနိုင်ငံမှအီးဂက်အင်တာနယ်ရှယ်နယ် ကုမ္ပဏီ လီမိတက် (EGAT International Co.Ltd) ၊တရုတ်နိုင်ငံမှ China Three Gorges Corporation တို့မှ ရင်းနှီးမြုပ်နှံမှုပြုကာ ခရိုနီကုမ္ပဏီတစ်ခုဖြစ်သော International Group of Entrepreneurs Co.,Ltd. (IGOEC) နှင့်ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းအ တွက်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ဖြစ်သည်။

တာဆန်းရေကာတာသည် အမြင့် ၂၂၈ မီတာရှိမည်ဖြစ် ပြီး အရှေ့တောင်အာရှတွင် အကြီးဆုံးသောရေကာတာ တစ်လုံးဖြစ်လာမည်ဖြစ်သည်။ တာဆန်းရေကာတာမှ လျှပ်စစ်ဓါတ်အား ၇၀၀၀ မီဂါဝပ်ထုတ်လုပ်သွားမည်ဖြစ်သည်။ ရရှိလာမည့် လျှပ်စစ်ဓါတ်အားကို ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

ဤစီမံကိန်းကြောင့် ရှမ်းပြည်နယ်အတွင်း စတုရန်း ကီလိုမီတာ ၈ ရာကျော်ရှိသော မြေဧရိယာများရေလွှမ်းမိုးသွား မည်ဖြစ်ပြီး ဒေသခံပြည်သူအများစုသည် အတိဒုက္ခရောက်မည့်အပြင် သဘာဝပတ်ဝန်းကျင် အများအ ပြားပျက်စီး သွားမည်ဖြစ်သည်။

၁၉၉၆ ခုနှစ်မှစ၍ မြန်မာစစ်တပ်မှ ထိုးစစ်ဆင်မှုကြောင့် တာဆန်းရေကာတာစီမံကိန်းအနီးဝန်းကျင် ဒေသများအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်း လူပေါင်း ၃၀၀၀၀၀ ကျော်သည် ၎င်းတို့၏နေအိမ်နေရပ်ဒေသကို စွန့်ခွာခဲ့ ရသည်။ ယခုအခါ မြန်မာအစိုးရနှင့် ရှမ်းပြည်တပ်မတော် တို့အကြားငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း ရှမ်းပြည်နယ် တောင်ပိုင်းသို့ မြန်မာအစိုးရမှ စစ်တပ်များပိုမိုပို့ဆောင်လာခဲ့ပြီး တိုက်ပွဲများ မကြာခဏဖြစ်ပေါ်ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်နေသော ဒေသ ခံများမှာ နေရပ်ဌာနေသို့ မပြန်နိုင်ကြပေ။

တာဆန်းရေကာတာကြောင့် ပြည်သူများစွာ ထိခိုက်ခံရမည်ဖြစ်သော်လည်း ဒေသခံများမှာ မည်သည့်သတင်းအချက် အလက်ကိုမျှမရရှိပေ။ ၎င်းတို့သိထားသည်မှာ တာဆန်းရေကာတာစီမံကိန်းသည် "ဖွံ့ဖြိုးရေး" အတွက် ဖြစ်သည်ဟူ၍ဖြစ်သည်။

## ရွှာသစ်ရေကာတာ

ရွှာသစ်ရေကာတာစီမံကိန်းသည် ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၏ အရှေ့ဘက် ၁၄ မိုင် ခန့်အကွာ ရွှာ သစ်ကျေးရွာအနီးမှာတွင် တည်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Datang Overseas Investment Co., Ltd.(CDOI) တိုင်းရင်းသားကုမ္ပဏီ Shwe Taung Hydropower Co., Ltd. တို့မှ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နားလည်မှု စာ ချွန်လွှာကို ၇-၁-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ နားလည်မှုသဘောတူညီချက်ကို ၁၈-၁-၂၀၁၁ ရက်နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

တရုတ်နိုင်ငံ ဒါးတန်းရေအားလျှပ်စစ်တည်ဆောက် ရေးကုမ္ပဏီမှ (Datang United Hydropower Developing Co.)မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၀ ခန့်ရင်း နှီးမြှုပ်နှံသွားမည်ဖြစ်သည်။ စီမံကိန်းမှ လျှပ်စစ်ဓါတ်အား ၄၅၀၀ မီဂါဝပ် ထုတ်လုပ်မည်ဖြစ်သည်။

## ဟတ်ကြီးရေကာတာ

ဟတ်ကြီးရေကာတာသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်နှင့် သောင်းရင်းမြစ်ဆုံ၏အောက်ဘက် ၂၉ မိုင်အကွာတွင်တည်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinohydro Corporation၊ ထိုင်းနိုင်ငံ EGAT International (EGATI) နှင့်ခရိုနီကုမ္ပဏီတစ်ခုဖြစ်သော International Group of Entrepre-neurs Co., Ltd. (IGOEC) တို့မှအကောင် အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပြီး နားလည်မှုစာချွန်လွှာကို ၃၀-၅-၂၀၀၅ နေ့တွင်လည်းကောင်း၊ နားလည်မှုသဘောတူညီချက်ကို၂၄-၄-၂၀၁၀ နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယာ ကုန်ကျမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ အီးကက်အင်တာနင်ရှယ်နယ်ကုမ္ပဏီလီမိတက် (EGAT) နှင့် တရုတ်နိုင်ငံမှ စီနိုဟိုက်ဒရိုကော်ပိုရေးရှင် (Sinohydro Corporation) တို့မှ ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်သည်။

ရေကာတာအမြင့် ၃၂ မှ ၃၃ မီတာအထိရှိမည်ဖြစ်ပြီး ရရှိလာမည့်လျှပ်စစ်ဓါတ်အား ၁၃၆၀ မီကာဝပ်အားလုံးမှ ၁၀%သည် မြန်မာပြည်အတွက်ဖြစ်မည်ဖြစ်ပြီး ကျန်ရှိသောလျှပ်စစ်ဓါတ်အားကို ထိုင်းနှင့်တရုတ်သို့ တင်ပို့ ရောင်းချသွားမည်ဖြစ်သည်။

ယခင်က ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ ၏ဆန့်ကျင်မှုနှင့် ပြည်တွင်းပဋိပက္ခများကြောင့် စီမံကိန်းကိုအကောင်အထည်မဖော်နိုင်ခဲ့ပေ။ သို့သော် အစိုးရနှင့် ကေအဲန်ယူတို့ အပစ်ခတ်ရပ်စဲပြီးနောက်ပိုင်း ဟတ်ကြီးရေကာတာစီမံကိန်းသည် ပြန်လည်အသက်ဝင်လာသည်။ အကယ်၍ဟတ်ကြီးရေကာတာကြီး တည်ဆောက်ဖြစ်မည်ဆိုလျှင် ကျေးရွာပေါင်း ၄၀ ထက်မက နစ်မြုပ်သွားမည်ဖြစ်သည်။

## သံလွင်ရေကာတာနှင့် မွန်ပြည်နယ်

အထက်ပါဖော်ပြခဲ့သည် သံလွင်ရေကာတာစီမံကိန်းများ သည် မွန်ပြည်နယ်အတွင်းတွင်မရှိသော်လည်း ထိုရေကာတာများကြောင့် မွန်ပြည်နယ်ရှိလူထုများမှာ ဆိုးကျိုးများစွာကို ကြုံတွေ့နိုင်ပါသည်။

မွန်ပြည်နယ် သံလွင်မြစ်နံဘေးရှိ ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တံငါလုပ်ငါးများဖြင့် အသက်မွေးကြပါသည်။

အကယ်၍ ရေကာတာသာတည်ဆောက်လိုက်ပါက ရေ စီးကြောင်းပြောင်းလဲခြင်းကြောင့်ဖြစ်စေ၊ မြစ်အောက်ပိုင်း ရေနည်းသွားခြင်းကြောင့်ဖြစ်စေ ပင်လယ်မှဆားငန်ရေ များသည် မြစ်၏အထက်ပိုင်းကျသော နေရာများသို့ပို၍ ထိုးတက်လာမည်ဖြစ်သည်။ ပုံမှန်မဟုတ်သောရေတက်မှုများကြောင့် မြေတိုက်စားခြင်းကို ပို၍ဖြစ်ပေါ်စေကာ ဒေသခံများမှီခိုစိုက်ပျိုးနေသော ကျွန်းများလည်းပျက်စီး သွားနိုင်ပါသည်။ ထို့ပြင်မြစ်အတွင်း အနယ်အနှစ် (နုံးမြေ) များဆင်းသက်မှုနည်းလာသောကြောင့် လယ်မြေ များနှင့်ဥယျာဉ်မြေများ၏ မြေဩဇာပြည့်ဝမှုကို ထိခိုက်လာဖွယ်ရှိပါသည်။ ဤသို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ်မှီခိုနေသောဒေသခံများအပေါ်ဆိုး ကျိုးများသက်ရောက်နိုင်ပါသည်။

ရေ၏အရည်အသွေးပြောင်းလဲခြင်းများကြောင့် ကျေးရွာ ရေကန်များမှ သောက်သုံး၍မရတော့သည့် အခြေအနေအထိဆိုက်လာနိုင်ပါသည်။ ရေစီးကြောင်းပြောင်းလဲခြင်းကြောင့်ဖြစ်စေ၊ ပင်လယ်မှဆားငန်ရေများဝင်လာခြင်းကြောင့်ဖြစ်စေ ငါးများ၏ ရွှေ့ပြောင်းအခြေချမှု၊ ပေါက်ပွားမှုကို အနှောင့်အယှက်ဖြစ်စေသောနိုင်ကာ တံငါလုပ်ငန်းအပေါ် ထိခိုက်မှုများဖြစ်လာမည်ဖြစ်သည်။ ထို့အပြင် တည်ဆောက်ရန် လျာထားသောဆည်များသာ သဘာဝရာသီဥတုဒဏ်ကြောင့်ဖြစ်စေ၊ တည်ဆောက်မှုတွင် ချို့ယွင်းချက်များရှိသောကြောင့်ဖြစ်စေ အကယ်၍ရေတာတမံသာကျိုးပေါက်ပါက ပို၍ဆိုးသော ကပ်ဒုက္ခနှင့် ကြုံတွေ့ကြရမည်မှာ မုချဖြစ်ပါသည်။

## အကြံပြုချက်

သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ ၎င်းမှ ရရှိလာသောအကျိုးအမြတ်များကို မျှဝေအသုံးပြုခွင့်သည် မြန်မာနိုင်ငံအတွင်းပဋိပက္ခများကိုဖြစ်စေသော အဓိကအကြောင်းအရင်းဖြစ်သည်။ သို့ဖြစ်၍ ၎င်းကိစ္စကို တိုင်းရင်းသား ကိုယ်စားလှယ်များနှင့်မြန်မာ အစိုးရတို့မှ စားပွဲပေါ်တွင် သေသေချာချာ ပွင့်ပွင့်လင်းလင်းဆွေးနွေးရမည်။ စစ်မှန်သောငြိမ်း ချမ်းရေးကိုမရရှိခင် သဘာဝအရင်းအမြစ်မျှဝေသုံးစွဲခွင့်ဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းခြင်းမရှိဘဲ ပြည်သူများ၏အသက် သွေးကြောဖြစ်သော သဘာဝအရင်းအမြစ်ကို ထုတ်ယူရောင်းချခြင်းသည် ပြည်သူလိုလားတောင့်တသော ထာဝရငြိမ်းချမ်းရေးကို အလှမ်းဝေးစေမည်ဖြစ်ကာ ပဋိပက္ခကိုသာပိုမိုရှည်လျားစေမည် ဖြစ်သည်။ သို့ဖြစ်ပါ၍ ယခုလက်ရှိငြိမ်းချမ်းရေးတည် ဆောက်နေသောကာလတွင် ရေကာတာကဲ့သို့သောစီမံကိန်းကြီးများကို လုံးဝရပ် တန့်သင့်ပါသည်။

## မြန်မာမြစ်ချောင်းများကွန်ရက်

Burma Rivers Network

မြန်မာမြစ်ချောင်းများကွန်ယက်သည် ရေကာတာကြောင့်ထိခိုက်နစ်နာမှုများကို ရင်ဆိုင်ကြုံတွေ့နေရသောလူထုအား ကိုယ်စားပြုနေသော အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ကွန်ယက်တစ်ခုဖြစ်သည်။ မြန်မာဖြစ်ချောင်းများကွန်ယက်၏ ရည်ရွယ်ချက်မှာ မြစ်ချောင်းဂေဟစနစ်နှင့် အကြီးစားမြစ်ချောင်းစီမံကိန်း၏ဆိုးကျိုးကို ရင်ဆိုင်ကြုံတွေ့နေသော လူထုများ၏ အခွင့်အရေးများကိုကာကွယ်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည်။

## ဆက်သွယ်ရန်

burmariversnetwork@gmail.com

http://www.burmariversnetwork.org